EMReF
Enlightened Myanmar Research Foundation
ပညာအလင်းပွင့်မြန်မာသုတေသနဖောင်ဒေးရှင်းမှ စုစည်းတင်ပြသည်။

# ပြည်နယ်နှင့်တိုင်းဒေသကြီး လွှတ်တော်များဆိုင်ရာ သတင်းစာစဉ်

အတွဲ(၄)၊ အမှတ်-၁၀၂

ဇူလိုင် ၁၄ ရက်၊ ၂၀၂၀

## ကုမ္ပဏီနှင့်ဌာနဆိုင်ရာအကြားချုပ်ဆိုသော အဓိကအချက်အလက်များ အသိပေးရေးအဆို ချင်းလွှတ်တော်အတည်ပြု

ဇွန် ၂၂၊ ၂၀၂၀



ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများဆောင်ရွက်ရန် ဌာနဆိုင်ရာ များနှင့် ကုမ္ပဏီများအကြားချုပ်ဆိုထားသော စာချုပ်ပါအဓိကအချက်အလက်များ အား လုပ်ငန်းအောင်မြင်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပါဝင်ကြီးကြပ်မှု တာဝန်ယူရသော လွှတ်တော်ကိုယ်စားလှယ် များ၊ သက်ဆိုင်ရာဌာန ခရိုင်/မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများကို အသိပေးရန် ဆိုသည့် ချင်းပြည်နယ်အစိုးရအား တိုက်တွန်း သည့်အဆိုကို ချင်းပြည်နယ်လွှတ်တော်က အတည်ပြုလိုက်သည်။

ယင်းအဆိုကို ထန်တလန်မြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးဗန်ထောင်းက တင်သွင်းခဲ့ ပြီး ဇွန်လ (၁၉) ရက် လွှတ်တော်အထူး အစည်းအဝေးဒုတိယနေ့တွင် ဆွေးနွေး အတည်ပြုခဲ့ကြခြင်းဖြစ်သည်။

"ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကုမ္ပဏီ ကနေပြီးမှ ဆောင်ရွက်တဲ့အခါမှာ တချို့ နေရာမှာ လူမြင်ရင်တောင် မသင့်တော်တဲ့ အရာတွေ ပစ္စည်းအရည်အသွေးအရသော် လည်းကောင်း၊ အရေအတွက်အရသော် လည်း ကောင်း၊ အဲလိုမျိုးချက်ယွင်းတာတွေ အားနည်းတာတွေ ရှိတတ်တယ်။ ကျွန်တော် တို့ လွှတ်တက်ကိုယ်စားလှယ်ကသော်လည်း ကောင်း၊ ခရိုင်/မြို့နယ်အုပ်ချုပ်ရေးမှူးတို့၊ သက်ဆိုင်ရာဌာနဆိုင်ရာတွေက သွားပြော တဲ့အခါမှာ စာချုပ်ထဲမှာ ဒီလိုပဲပါတယ်ဆိုပြီး ပြန်ပြီးတော့မှ အပြောခံရတတ်တယ်။ နောက် တစ်ချက်က ဥပမာ-ပညာရေးဌာနက အဆောက်အဦးဆောက်တယ်။ ကျေးရွာ တွေမှာ ကျောင်းဆောင်တွေဆောက်တယ်။ သက်ဆိုင်ရာပညာရေးဌာနကနေ မသိရ ဘူး။ မသိအခါကျတော့ သူတို့ဟာသူတို့ လာလုပ်တယ် သူတို့ဟာသူတို့ပြီးသွားတယ်။ ပြီးကြမှလာစစ်ဆေးတယ်။ ခင်ဗျားတို့ဌာန ပဲ မကြီးကြပ်ဘူးလား။ မသိရကောင်းလား ဆိုပြီး အပြောဆိုခံရတဲ့ဟာမျိုးတွေရှိတယ်။ ဒါကြောင့် ကုမ္ပဏီနဲ့က ပြည်နယ်အဆင့်မှာ စာချုပ်ချုပ်ကြတယ်။ ပြည်နယ်က ခရိုင်ကို အသိပေးရမယ်။ မြို့နယ်ကျေးရွာအုပ်ချုပ်ရေးမှူး အဆင့်ထိ အသိပေးရမယ် အဲဒီလိုအသိပေး မှပဲ ကျွန်တော်တို့ကို ဝိုင်းဝန်းပြောဆိုလို့ရ မယ် ကုမ္ပဏီကိုလည်း အကြံပေးလို့မယ်ဆို တဲ့ ရည်ရွယ်ချက်နဲ့ ဒီအဆိုကိုတင်သွင်းတာ ဖြစ်တယ်"ဟု လွှတ်တော်ကိုယ်စားလှယ် ဦးဗန်ထောင်းက ပြောသည်။

ချင်းပြည်နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ် ငန်းအမျိုးမျိုး (လမ်းဖောက်လုပ်ခြင်း)နှင့် (အခြား တည်ဆောက်ရေးလုပ်ငန်းအမျိုးမျိုး အားတင်ဒါများခေါ်ယူကာ ကုမ္ပဏီအသီးသီး က နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိကြပြီး ယင်းကဲ့သို့အကောင်အထည် ဖော်ဆောင်ရာတွင် လုပ်ငန်းများပြည့်မီရန်၊ စံချိန်စံညွှန်းအတိုင်းဆောင်ရွက်ရန် အစိုးရ အဖွဲ့၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများက ကြီးကြပ်ဆောင်ရွက်လျက် ရှိကြသော်လည်း ကုမ္ပဏီနှင့်ပြည်နယ်အဆင့် ချုပ်ဆိုသော စာချုပ်ပါအဓိကအချက်များကို အသေးစိတ် သိရှိခြင်းမရှိသည့်အတွက် သွားရောက် စစ်ဆေးကြီးကြပ်သည့်အခါ အခက်အခဲကြုံ တွေ့လေ့ရှိကြခြင်းဖြစ်သည်။

ထို့ကြောင့် ကုမ္ပဏီနှင့်အစိုးရအကြား ချုပ်ဆိုသောစာချုပ်ပါအဓိကအချက်အလက် များအား အောက်ခြေဌာနဆိုင်ရာအထိ အသိပေးရန်ဆိုသည့်အဆိုကို လွှတ်တော် သို့တင်သွင်းရခြင်းဖြစ်ပြီး ယင်းအဆိုကို လွှတ်တော်ကို အတည်ပြုသည့်အတွက် နောက်နောင်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင် ရွက်သည့်အခါ သတ်မှတ်ထားသည့် စံချိန် စံညွှန်းများနှင့်အညီ ဆောင်ရွက်လာနိုင်မည် ဟု ယုံကြည်ကြောင်း ဦးဗန်ထောင်းက ပြော သည်။

**(ကိုးကား-ခိုနူမ်းသုန်)**

# သယံဇာတတူးဖော်ရေးလုပ်ကွက်သစ်မေးခွန်း ဝန်ကြီးဖြေဆိုမှု အားရမှုမရှိ

**ဇွန် ၂၈၊ ၂၀၂၀**

သျှမ်းပြည်မြောက်ပိုင်း ကျောက်မဲမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ထပ်မံတင်သွင်းသော သျှမ်းပြည် သဘာဝသယံဇာတ တူးဖော်ရေး လုပ်ကွက်သစ်မေးခွန်းကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးမှဖြေကြားရာတွင် အားရကျေနပ်သည့် အဖြေမရရှိကြောင်း လွှတ်တော်အမတ်ကပြောသည်။

ဇွန် ၂၅ ရက်တွင် ကျောက်မဲမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) စိုင်းထွန်းညဏ်မှ "သျှမ်းပြည်နယ်တွင် သဘာဝသယံဇာတ တူးဖော်ရေး လုပ်ကွက်သစ်များအတွက် ဒေသခံပြည်သူများနှင့် ဒေသခံလွှတ်တော်ကိုယ်စားလှယ်များ၏ သဘောတူညီမှုဖြင့်သာ ပြည်နယ်အစိုးရမှ သဘောထားမှတ်ချက်ပေးရန် အစီစဉ် ရှိ/မရှိ"နှင့် စပ်လျဉ်းသည့် မေးခွန်းကို လွှတ်တော်တွင် မေးမြန်းခဲ့ခြင်းဖြစ်သည်။

အဆိုပါအဆိုကို လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လက တစ်ကြိမ် လွှတ်တော်အတွင်း တင်ပြခဲ့ဖူးသော်လည်း လွှတ်တော်ဥက္ကဋ္ဌမှ အဆိုတင်ခွင့်မပြုခဲ့ကြောင်း၊ ယခုနှစ်တွင် ကြယ်ပွင့်ပြမေးခွန်း ပုံစံပြောင်းပြီး မေးရကြောင်း စိုင်းထွန်းညဏ်က သျှမ်းသံတော်ဆင့်ကို ပြောသည်။

"ပထမတင်တာက အဆိုအနေနဲ့တင်တယ်။ ဒါပေမယ့် လွှတ်တော်ဥက္ကဋ္ဌ ခွင့်မပြုဘူး။ ဒီတစ်ခေါက်ကျမှ ဒီအဆိုကို မေးခွန်းအဖြစ်ပြောင်းပေးပါ။ ပြောင်းပေးမယ်ဆိုရင် ခွင့်ပြုမယ်။ အစိုးရရဲ့သဘောထား သိနိုင်သလောက်ဆိုပြီးတော့မှ အဆိုကိုမေးခွန်းအဖြစ် ပြန်ပြောင်းလိုက်တာ"ဟု လွှတ်တော်အမတ် စိုင်းထွန်းညဏ်က ပြောသည်။

လွှတ်တော်အမတ် စိုင်းထွန်းညဏ်မေးသည့် မေးခွန်းနှင့်ပတ်သက်ပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီး ဒေါက်တာညီညီအောင်က "မြန်မာ့သတ္တုတွင်းဥပဒေများနဲ့ မြန်မာ့သတ္တုတွင်းနည်းဥပဒေများကို ပြင်ဆင်သည့်နည်းဥပဒေများတွင် မရှိသေးကြောင်း" သျှမ်းပြည်နယ်လွှတ်တော် အစည်းအဝေးတွင်ပြန်လည်ဖြေကြားခဲ့သည်။

ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသော်လည်း လုပ်ကွက်သစ်များ လျှောက်ထားရာတွင် သက်ဆိုင်ရာကုမ္ပဏီအနေဖြင့် လျှောက်ထားဒေသရှိ ဒေသခံများ၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များနှင့် ကြိုတင်ဆွေးနွေးစေခြင်းတို့ ဆောင်ရွက်နေကြောင်း သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်က ပြန်လည် ဖြေကြားခဲ့သည်။

"ဝန်ကြီးဖြေသွားတဲ့ပေါ်မှာတော့ ကတိကဝတ်မဟုတ်ဘူး။ တကယ်တမ်း ဒီလိုမျိုးလုပ်ဆောင်လာမယ်ဆိုလို့ရှိရင် ဒေသခံနဲ့ လွှတ်တော်ကိုယ်စားလှယ်တို့ ဆွေးနွေးညှိနှိုင်းပါမယ်ဆိုတဲ့ ကတိမဟုတ်တဲ့ ပုံစံမျိုးပဲ ပြောသွားတာပေါ့နော်။ လုပ်ကိုလုပ်ရမယ်ဆိုတဲ့ ပုံစံမျိုးမဟုတ်ဘူး။ ကိုယ်စားလှယ်ကော ဒေသခံပြည်သူတွေနဲ့ကော လုပ်သွားပါ့မယ်ဆိုတဲ့ ဝတ်ကျေတန်းကျေမျိုးပဲ ဖြေသွားတာပေါ့နော်။ ကျေနပ်မှုတော့မရှိဘူး" ကျောက်မဲလွှတ်တော်ကိုယ်စားလှယ် စိုင်းထွန်းညဏ်က သျှမ်းသံတော်ဆင့်ကိုပြောသည်။

"အောက်ခြေမှာ အလုပ်လုပ်တဲ့ခါမှာ ပြဿနာပေါ်မှုတည်ပြီးတော့မှ တင်ပြရတာရှိတယ်။ လက်ရှိမှာက ပြည်နယ်အစိုးရရဲ့ အနေအထားက ပြည်ထောင်စုက တောင်းဆိုလာသမျှကို ထောက်ခံပေးရတဲ့အနေအထား ဖြစ်နေတယ်။ ကိုယ့်လူထု ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုယ်က ထောက်ခံပေးရတဲ့ အနေအထားဖြစ်တယ်ဟု စိုင်းထွန်းညဏ်က မှတ်ချက်ပြုလိုက်သည်။

သျှမ်းပြည်နယ်အတွင်းရှိ သဘာဝသယံဇာတတူးဖော်မှုကို ဒေသခံပြည်သူလူထုများကန့်ကွက်သော်လည်း သျှမ်းပြည်နယ်အစိုးရက ထောက်ခံပေးမှုများရှိကြောင်း သိရသည်။

**(ကိုးကား-https://burmese.shannews.org)**

# တနင်္သာရီတိုင်း ရပ်ရွာအခြေပြုအပန်းဖြေစခန်းများဥပဒေ ယခုလွှတ်တော်သက်တမ်းအတွင်း ပြဋ္ဌာန်းမည်

**ဇူလိုင် ၇၊ ၂၀၂၀**

တနင်္သာရီတိုင်း အပန်းဖြေစခန်းများဥပဒေတစ်ခုကို ယခုလွှတ်တော်သက်တမ်းအတွင်းပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေကြောင်း တိုင်းလွှတ်တော်ဥက္ကဋ္ဌဦးခင်မောင်အေးက ပြောသည်။

တိုင်းအတွင်း အပန်းဖြေစခန်းလုပ်နေသူများ၊ ခရီးသွားအေဂျင်စီများ၊ ဧည့်လမ်းညွှန်များနှင့် ဆွေးနွေးညှိနှိုင်းပြီးပါက တနင်္သာရီတိုင်း ရပ်ရွာအခြေပြု အပန်းဖြေစခန်းများဥပဒေကို ပြဋ္ဌာန်းနိုင်ရန် ဆောင်ရွက်နေကြောင်း ဦးခင်မောင်အေးက ပြောသည်။

"ဥပဒေနဲ့ပတ်သက်ပြီးတော့ တို့လက်ထက်မှာ နောက်ဆုံးဥပဒေလို့ဆိုလို့ရတဲ့ ဥပဒေနှစ်ခုရှိတယ်။ စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်တဲ့ဥပဒေတစ်ခုရှိမယ်။ နောက်တစ်ခုက အပန်းဖြေစခန်းများဆိုင်ရာ ဥပဒေတစ်ခုရှိမယ်"ဟု ဦးခင်မောင်အေးက ပြောသည်။

ယင်းဥပဒေမူကြမ်းကို ၂၀၁၈ ခုနှစ်ကတည်းက ရေးဆွဲထားခြင်းဖြစ်ပြီး ကြားထဲတွင် တိုင်းအစိုးရကပေးပို့လာသော အခြားဥပဒေများကို အတည်ပြုနိုင်ရန်ဆောင်ရွက်နေရသဖြင့် ကြန့်ကြာနေခြင်းဖြစ်ကြောင်း တိုင်းလွှတ်တော်ဒုတိယဥက္ကဋ္ဌဦးကြည်စိုးက ပြောဖူးသည်။

လက်ရှိတွင် ကမ်းခြေအချို့၌ အပန်းဖြေစခန်းဆောက်လုပ်ရန် ရည်ရွယ်၍ မြေကွက်ဝယ်ယူထားမှုများရှိနေပြီး အထက်ပါဥပဒေထွက်ရှိလာပါက ဥပဒေနှင့်အညီ ပြန်လည်လျှောက်ထားရမည်ဖြစ်ကြောင်း ဦးကြည်စိုးက ပြောဆိုဖူးသည်။

"မြေပြင်အခြေအနေကို တကယ်လည်းလေ့လာပြီး တကယ်လည်းဖြစ်ချင်တယ်၊ တကယ်လည်းကောင်းဖို့အတွက်ဆိုရင် အားပေးဖို့တော့ အဆင်သင့်ပဲလေ"ဟု ထားဝယ်ခရိုင် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါ်မိုးမိုးသူက ပြောသည်။

**(ကိုးကား- http://www.daweiwatch.com)**



# မြေယာဆုံးရှုံး နစ်နာသူတွေကို လျော်ကြေး (သို့) မြေယာ ပြန်ပေးသင့်ဟု တိုင်စာပစ်စာအဖွဲ့ ဥက္ကဋ္ဌ ပြော

ဇွန် ၁၉၊ ၂၀၂၀

သိမ်းဆည်းထားသည့် ဒေသခံပြည်သူများ၏ လယ်ယာမြေများကို အမှန်တကယ် အသုံးမပြုဘူးဆိုလျှင် နစ်နာဆုံးရှုံးသွားသူများကို မြေယာ သို့မဟုတ် လျော်ကြေးငွေပြန်ပေးသင့်သည်ဟု ကယားပြည်နယ်လွှတ်တော် တိုင်စာပစ်စာ လေ့လာဆန်းစစ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ပြောသည်။

"တကယ်မသုံးတဲ့မြေတွေကို တောင်သူတွေကို ပြန်ပေးသင့်တယ်ပေါ့။ နစ်နာဆုံးရှုံးမှုတွေ တအားများတယ်ပေါ့။ တကယ်သုံးလို့ရှိရင်တော့ ပြန်မပေးမယ့် လျော်ကြေးငွေပေါ့။ မသုံးတဲ့နောက်ပိုင်းဆို အများကြီးကျန်တယ်။ အဲ့ဒါတွေကိုလဲ ပြန်လည်နစ်နာတဲ့သူတွေကို ပြန်ပေးသင့်တယ်ပေါ့နော်။"ဟု ၎င်းကဆိုသည်။

တိုင်ကြားထားတဲ့ မြေယာကိစ္စတွေဟာဆိုရင် အများစုက အာဏာရှိတဲ့သူတွေကနေပြီး ဒေသခံတောင်သူတွေရဲ့ မြေယာပေါ်မှာ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ကို လျှောက်ထားပြီး အမည်ပေါက်တွေလုပ်ထားလိုက်ခြင်းက ပြည်သူများကို ထိခိုက်နစ်နာစေသည်ဟုဆိုသည်။

တိုင်စာပစ်စာလေ့လာဆန်းစစ်ရေးအဖွဲ့ထံ တိုင်ကြားသည့်တိုင်စာများတွင် လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားမှုများမှာ အများဆုံးဖြစ်သည်။

၂၀၁၇ ခုနှစ်မှ ၂၀၂၀၊ မေလ ၃၁ ရက်နေ့အထိ တိုင်စာပစ်စာကော်မတီထံ တိုင်ကြားစာ စုစုပေါင်း ၄၈၄ စောင်ရှိနေပြီး လယ်ယာမြေပိုင်ဆိုင်မှု အငြင်းပွားကိစ္စ တိုင်ကြားစာပေါင်း ၂၆၃ စောင်အထိ ရှိသည်။

လက်ရှိကျင့်သုံးနေသည့် မြေယာဥပဒေတွေက တိုင်းရင်းသားဒေသများနှင့် လုံးဝကိုက်ညီမှုမရှိသည့်အတွက် ယခုလိုတိုင်စာများနေရခြင်းလည်းဖြစ်သည်ဟု Kayah Earthrights Action Network - KEAN မှ စောအယ်စေးက ပြောသည်။

"ဒါကျွန်တော်တို့ ဒီအောက်ခြေလူထုတွေ၊ ဌာနေတိုင်းရင်းသားတွေ ကျွန်တော်တို့ဒေသခံတိုင်းရင်းသားတွေပြောတဲ့ဟာ ဒါပေမဲ့ အခုလက်ရှိလာတဲ့ မြေယာယန္တရားတွေကအပေါ်ကနေလာပြီးတော့ စီမံခန့်ခွဲမယ်၊ အပေါ်ကနေ သူတို့ကြိုက်သလို စီမံမယ်၊ သူတို့ရအောင်ယူမယ်ဆိုတဲ့ဟာက လုံးဝဆန့်ကျင်နေတဲ့ဟာဖြစ်တဲ့အတွက် လုံးဝကိုက်ညီမှုမရှိဘူးလို့ ကျွန်တော် အဲ့လိုမြင်တယ်။"ဟု ၎င်းကဆို သည်။

ကယားပြည်နယ် အစိုးရအဖွဲ့၏ ၂၀၁၉ ခုနှစ်အတွင်း ဆောင်ရွက်နိုင်မှုအစီအရင်ခံစာအရ ပြည်နယ်အတွင်း သိမ်းဆည်းမြေယာနှင့်ပတ်သက်ပြီး တစ်နှစ်အတွင်း တိုင်ကြားစာပေါင်း ၉၅ စောင်ရှိနေပြီး ဖြေရှင်းပြီး ၉၂ စောင်နှင့် ဆောင်ရွက်နေဆဲ ၃ စောင် ရှိသည်ဟု ဆိုသည်။

(ကိုးကား-ကန္တရဝတီတိုင်း(မ်))

# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီး လွှတ်တော်သို့တင်သွင်းသော အဆိုများအခြေအနေ

ဇူလိုင် ၇၊ ၂၀၂၀

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များမှ ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် ၁၅ ကြိမ်မြောက်ပုံမှန်အစည်းအဝေးအထိ တင်သွင်းခဲ့သည့်အဆို ၃၈ ခုရှိခဲ့သည့်အနက် ၃၀ ကို လွှတ်တော်က အတည်ပြုခဲ့ပြီး ၈ ခုကို မှတ်တမ်းတင်ခဲ့သည်ဟု သိရသည်။ အတည်ပြုအဆိုစုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းဖြစ်သော အဆို ၆ ခုကို အမျိုးသမီးကိုယ်စားလှယ်များက တင်သွင်းခဲ့ခြင်း ဖြစ်သည်။

ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်၏ ဒုတိယကြိမ်မြောက်ပုံမှန်အစည်းဝေးတွင် အဆို ၁၀ ခုအထိ တင်သွင်းနိုင်ခဲ့ကြသော်လည်း နောက်ပိုင်းတွင် အဆိုတင်သွင်းမှုနည်းလာသည်ကို မကွေးတိုင်းဒေသကြီး လွှတ်တော်နှင့် လွှတ်တော်လမ်း၏ အချက်အလက်များမှတစ်ဆင့် လေ့လာတွေ့ရှိရသည်။

အဆိုများအနက် တတိယအကြိမ်ပုံမှန်အစည်းဝေး ပထမနေ့ ၂၆-၉-၁၆ တွင် ဆောက်လုပ်ရေးနှင့်ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဦးတင်နွယ်ဦးက မြို့ပြနှင့်အိမ်ယာဖွံ့ဖြိုးတက်ရေးဦးစီးဌာနကိုယ်စား တိုင်းဒေသကြီးအစိုးရကိုတိုက်တွန်းကြောင်း အဆိုတင်သွင်းခဲ့ခြင်းမှာ ထူးခြားသည်။

မကွေးမြို့မဲဆန္ဒနယ်အမှတ်(၂)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ချိုလတ်က ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်သို့ တင်သွင်းသော အဆိုများ၏ အကောင်ထည်ဖော်မှုအခြေအနေကို သိရှိလိုကြောင်း ကြယ်ပွင့်ပြမေးခွန်းမေးမြန်းခဲ့ရာတွင်မူ မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည့် အဆို (၃၀) ကို တိုင်းလွှတ်တော်ကိုယ်စားလှယ်များနှင့်ပူးပေါင်း၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နယ်မြေကွင်းဆင်းဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခြင်း၊ ဌာနဆိုင်ရာများနှင့်ပူးပေါင်း၍ လုပ်ငန်းများအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက် အကောင်အထည်ဖော်ပေးလျက်ရှိသည်ဟု လူမှုရေးဝန်ကြီး ဒေါက်တာခင်မောင်အေးက ဖြေကြားထားသည်။

(ကိုးကား- မကွေးဂျာနယ်)